## ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
## Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၈. ၃. ၁၀

### ဘုရားသခင်၏ပဋိညာဉ်အားစောင့်ရှောက်ခြင်းနှင့်ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်း
(Keeping God's Covenant and the Antithetical Life, Prof. Herman Hanko)
(ယွင်အပတ်မှအဆက်)

ကျမ်းစာဖတ်ခြင်း - ၂ကော ၆း၁၄-၁၇၊ ယာကုပ် ၄း၁-၄၊ တရား ၃၃း၂၆-၂၉

ကျမ်းစာထဲမှာ ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းကို ကောင်းမွန်စွာ အနက်ဖွင့်နိုင်ဖို့ အသုံးပြုတဲ့ နိမိတ်ပုံ(၂)ခုရှိပါတယ်။ နှစ်ခုတော့မကပါဘူး၊ ဒါပေမဲ့ အရေးကြီးဆုံးလို့ ကျွန်တော်ယူဆတဲ့ နှစ်ခုကို ခင်ဗျားတို့ သတိပြုမိအောင် ကျွန်တော် တင်ပြပါမယ်။

ပထမနိမိတ်ပုံကတော့ "တိုက်ပွဲ"ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ပဋိညာဉ်လူတွေကို တိုက်ပွဲဆင်နွှဲကြဖို့ ကျမ်းစာကအမြဲခေါ်နေပါတယ်။ အလာကားအာမီးနီးယန်း(လူကဘုရားသခင်ကို သူ့ဘာသာယုံနိုင်သည်ဟုမှားယွင်းစွာပြောသူများ)တွေရဲ့ အသုံးမကျတဲ့ သီချင်းတွေမှာရေးထားသလို သခင်ယေရှုအတွက် မိမိတို့ဆန္ဒအလျှောက် အပျော်တမ်းတိုက်ကြသူတွေမဟုတ်ကြပါဘူး။ သူတို့ဟာ ငြင်းပယ်ခုခံလို့မရတဲ့ ကျေးဇူးတော်ရဲ့ ခေါ်တော်မူခြင်းကြောင့် မဖြစ်မနေ တိုက်ပွဲထဲ ပါဝင်တိုက်ခိုက်ကြသူများ ဖြစ်ပါတယ်။ ဒါပေမဲ့ စိတ်မပါဘဲ အတင်းအကြပ် ခေါ်ခြင်းခံကြရတာတော့ မဟုတ်ပါဘူး။ ဘုရားသခင်က သူတို့ကို သူ့ရဲ့ ကျေးဇူးတော်လုပ်ဆောင်တော်မူခြင်းထဲမှာ၊ သခင်ခရစ်တော်ရဲ့တပ်ထဲက စစ်သားတွေ ဖြစ်လာစေတာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နာမတော်အတွက် ကိုယ်စားလှယ်ပြုကြသူများ၊ ခရစ်တော်ရဲ့စစ်ပွဲထဲမှာ ပါဝင်ခွင့်ရကြတာဟာ သူတို့အတွက် ပျော်စရာအကောင်းဆုံးဖြစ်လျှက်၊ လိုချင်ဆန္ဒရှိစွာ တိုက်ပွဲဝင်ကြသူများ ဖြစ်ကြပါတယ်။ ဘုရားသခင်ရဲ့လူတွေအတွက်တော့ ယုံကြည်ခြင်းရဲ့တိုက်ပွဲမှာ ပါဝင်ခွင့်ရကြတာဟာ အင်မတန် အံ့ဩစရာကောင်းတဲ့အဖြစ်ပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ လက်ဝါးကပ်တိုင်ရဲ့စစ်သားတွေသာလျှင် ကမ္ဘာပေါ်မှာ တိုက်သင့်တိုက်ထိုက်သောတိုက်ပွဲကို ဆင်နွှဲကြလို့ဘဲဖြစ်တယ်။ အဲဒီအတွက်မဟုတ်တဲ့ တိုက်ပွဲမှန်သမျှဟာ အသုံးမဝင်တဲ့ရည်မှန်းချက်တွေဖြစ်တယ်၊ အဆုံးမှာ ဆုံးရှုံးကြမှာချည်းဘဲဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ကိုယ်စားလှယ်အဖြစ်တိုက်ပွဲဝင်တယ်ဆိုတာကတော့၊ သူ့ရဲ့နာမတော် ဘုန်းတော်ထင်ရှားဖို့၊ သူ့ရဲ့ထာဝရရည်ရွယ်ချက်တွေ အကောင်ထည်ပေါ်လာဖို့ တိုက်ပွဲဝင်တာဘဲဖြစ်ပါတယ်။ အဲဒီတိုက်ပွဲမှာ ခရစ်ယာန်စစ်သားတွေဟာ အောင်ပွဲဆိုတာ သူ့တို့အတွက်ဘဲလို့ ဩတ္တပ္ပစိတ်ထဲမှာ အသေအချာသိပြီးတိုက်နေကြတာဟာ ဘယ်လိုမှ ခိုင်းနှိုင်းလို့မရတဲ့ ဂုဏ်ရှိခြင်းပါဘဲ။ သူ(ခရစ်ယာန်စစ်သား)ဟာ အရာခပ်သိမ်းကို အစိုးရတော်မူစွာထိန်းချုပ်ထားတဲ့၊ ဘုန်းတော်ဝင်စားပြီးဖြစ်တဲ့ သူ့သခင်ခရစ်တော်နဲ့ ယုံကြည်ခြင်းအားဖြင့် တလုံးတဝတည်း ဆက်နွယ်နေကြပါတယ်။ ခရစ်တော်ဟာ သူ့ကယ်တင်ခြင်း ဗိုလ်ချုပ် ဖြစ်ယုံမကပါဘူး၊ ရန်သူတွေရဲ့တပ်စခန်းထဲမှာ တိုက်ပွဲကို ကွက်ကဲအမိန့်ပေးနေသူဖြစ်တယ်။ ရန်သူ့တပ်မတွေ လှုပ်ရှားစစ်ဆင်မှုကို ကိုင်တွယ်နေတယ်၊ အမြဲတမ်းသူ့စစ်သားတွေအတွက် အဲဒီလိုလုပ် ပေးနေပါတယ်။ ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်ဟာ ရန်သူ့စစ်တပ်တွေရဲ့တန်ခိုး အားလုံးကို အပြည့်အဝထိန်း ချုပ်ထားပါတယ်။ ကျွန်တော်တို့ အဲဒီတိုက်ပွဲမှာ နိုင်ကိုနိုင်မယ်ဆိုတာ သေချာလွန်းတယ်။

တိုက်ပွဲအကြောင်း ထပ်ပြောချင်တာရှိသေးတယ်။ အဲဒါကတော့ ခရစ်ယာန်တွေအများစုက ဒီကမ္ဘာပေါ်မှာ နေထိုင်ရတဲ့ဘဝတလျှောက်လုံးဟာ တိုက်ပွဲဖြစ်တယ်ဆိုတာကို မေ့နေကြတာပါဘဲ။ ခရစ်ယာန်အများစုကြီးက ဘဝဆိုတာ ဆော့ကစားနေတာလို့ ထင်ချင်နေကြပါတယ်။ ဘဝမှာ ပျော်ပျော်ပါးပါးနေကြဖို့၊ ဘဝမှာ ရနိုင်မျှကိုရအောင်ယူကြဖို့၊ ဖန်ဆင်းခြင်းရဲ့အပျော်အပါးမှန်သမျှကို အကုန်းလုံး ခံစားကြဖို့ အသက်ရှင်နေကြတာလို့ ထင်နေကြပါတယ်။ ပျော်စရာ ကစားပွဲတခုလို့ ထင်ယောင်ထင်မှားဖြစ်နေကြပါတယ်။ အဲဒါ မဟုတ်ပါဘူး။ ဘဝဆိုတာ စစ်တလင်းဖြစ်ပါတယ်။ အမြဲတမ်း စစ်တလင်းပါ။ ဘုရားသခင်ရဲ့ပဋိညာဉ်လူတွေ အဲဒါကို ဘယ်တော့မှ မမေ့ပါနဲ့။ ဘာလို့လဲဆိုတော့ အဲဒါကို မေ့လိုက်

တာနဲ့ သူတို့ဟာ ဒီကမ္ဘာပေါ်မှာ ဘုရားသခင်ရဲ့ကိုယ်စားလှယ်တွေအနေနဲ့ နေနေကြတယ်ဆိုတာကို အကောင်အထည် မဖော်နိုင်ဘဲ ဖြစ်ကြတော့မှာ မို့ဘဲ။

ဒုတိယအနေနဲ့ အဲဒီတိုက်ပွဲဟာ ကြောက်မက်ဖွယ်ပြင်းထန်လှတယ်။ ကမ္ဘာ့သမိုင်းတလျှောက်အပြင်ထန်ဆုံးတိုက်ခဲ့ပါတယ်ဆိုတဲ့တိုက်ပွဲတွေထက် ပိုပြင်းထန်ပါတယ်။ ခေတ်အဆက်ဆက်တိုက်နေတဲ့ ဒီတိုက်ပွဲနဲ့နှိုင်းယှဉ်လိုက်ရင် ဒုတိယကမ္ဘာစစ်ကြီးဟာ ဘုရားသခင်အတွက် အသေးအဖွဲ့ဘဲဖြစ်တယ်။ ဒီတိုက်ပွဲနဲ့စာရင် ဘုရားသခင်က အီရတ်စစ်ပွဲကို၊ သူ့ထာဝရအကြံအစည်တော်ထဲက သေးငယ်တဲ့အစိတ်အပိုင်းကလေးတခုလို့ သတ်မှတ်တာထက်မပိုပါဘူး။ ဒီတိုက်ပွဲကို ခုနှစ်များ၏စစ်ပွဲလို့ခေါ်ပါတယ်။ကမ္ဘာ့သမိုင်းအစကနေ၊ အဆုံးအထိတွင်းမှာ အပြင်းထန်ဆုံးတိုက်တဲ့တိုက်ပွဲဖြစ်တယ်။ အဲဒီတိုက်ပွဲရဲ့ ပြင်းထန်လှတဲ့အခြေအနေကို ကျွန်တော်တို့ဟာ မိမိတို့ရဲ့ဇာတိကိုယ်ခန္ဓာပေါ်မှာ ခံစားကြရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့အသွေးအသားဟာ ဆန္ဒပြင်းပြလှတဲ့ စာတန်ရဲ့မဟာမိတ်ဖြစ်နေလို့ပါဘဲ။

တတိယအနေနဲ့၊ လူရဲ့အမြင်နဲ့ဆိုရင် ဘယ်ရှုထောင့်ကကြည့်ကြည့် အဲဒီတိုက်ပွဲဟာ မျှော်လင့်ချက် မဲ့နေပါတယ်။ အသင်းတော်ဆိုတာ ဂိဒေါင်ရဲ့အုပ်စုငယ်ကလေးလိုဘဲဖြစ်တယ်။ ဟေရှာယအနာဂတ္တိကျမ်း(၁)မှာကြည့်ပါ၊ အသင်းတော်ဆိုတာ ဥယာဉ်ကြီးထဲက တဲငယ်ကလေးတလုံးသာဖြစ်ပါတယ်။ ရန်သူတွေဝိုင်းထားတဲ့မြို့လိုပါဘဲ၊ အကျန်အကြွင်းနဲနဲကလေးသာဖြစ်တယ်။ သာမန်အမြင်နဲ့ဆိုရင် အသင်းတော်ကိုဆန့်ကျင်နေတဲ့ရန်သူတွေဟာ အဆမတန်များလွန်းလှပါတယ်။ အသင်းတော်မှာ ခွန်အားမရှိဘူး၊ တချိန်ထဲမှာ အရေအတွက် နည်းလွန်းနေပြန်တယ်။ စွမ်းအားလဲ ဘာမှမရှိဘူး။ သူ့ရန်သူထုကြီးကို ဆန့်ကျင်ဖို့ ဘာမှလောက်လောက်လားလားမရှိပါဘူး။ ဒ့ါအပြင် သူတို့ကိုယ်၌က သူတို့ရဲ့ကြောက်စရာအကောင်းဆုံးရန်သူတွေ ဖြစ်နေကြပြန်ပါတယ်။ ဒ့ါကြောင့် ဒီတိုက်ပွဲကို အပြင်ကထိုင်ကြည့်နေသူအတွက် “သူတို့နိုင်နိုင်လောက်ပါတယ်”လို့ ပြောခွင့် ရှိကိုမရှိတာဖြစ်တယ်။ ဒ့ါအပြင် ဘုရားသခင်ရဲ့လူတွေဟာ တခါတရံ သူတို့ရဲ့ သေးငယ်မှုမဖြစ်စလောက်ဖြစ်မှုကို သိကြတဲ့အခါ စိတ်ဓါတ်တွေကျပြီး၊ ကြောက်ရွံ့နေတတ်ကြပြန်ပါတယ်။ အထူးသဖြင့် ရန်သူကို သူတို့ကြားထဲမှာ ဘွားကနဲတွေ့လိုက်ကြတဲ့အချိန်တွေမှာပေ့ါ။ သူတို့ရဲ့သင်းအုပ်ဆရာတွေ၊ ခေါင်းဆောင်တွေ သတင်းကောင်းကိုကြေညာမဲ့လူတွေလို့ ထင်နေကြပေမဲ့၊ အဲဒါနဲ့ပြောင်းပြန်၊ သူတို့ရန်သူရဲ့အကြောင်းကို ကြေညာမောင်းခတ်ပေးနေကြသူတွေ ဖြစ်နေတာ တွေ့ကြရတဲ့အခါ၊ အတော်စိတ်ဓါတ်ကျကြပါတယ်။

ကမ္ဘာလောကကြီးက သူ့ရဲ့သန်မာလှတဲ့လက်များနဲ့ ယုံကြည်သူတို့ရဲ့ကလေးတွေကို သူတို့ရင်ခွင်တွေထဲကနေဆွဲယူလျှက်၊ မှားယွင်းသောဩဝါဒတွေ၊ ဒါမှမဟုတ် နှိပ်စက်ညှင်းဆဲခြင်းတွေ ဆိုတဲ့ကျောက်တုန်းတွေအပေါ် ကိုင်ပေါက်လျှက် အစိတ်အစိတ်အမွှာမွှာ ကွဲကြေစေတဲ့အခါမှာ၊ ဘုရားသခင်ရဲ့လူတွေဟာ သက်ပြင်းတွေတချချနဲ့ “ငါတို့ကြောက်နေရပါတယ်။ ရန်သူကဘဲ အောင်ပွဲရမှာပါ။ သူကဘဲနိုင်မှာပါ”လို့ ပြောနေတတ်ကြပါတယ်။

ဒါပေမဲ့ ခင်ဗျားဟာ ဘုရားသခင့်ပဋိညာဉ်မှာပါဝင်သူမှန်ရင်၊ ကမ္ဘာပေါ်မှာ ဘုရားသခင့်ပဋိညာဉ်ကိုယ်စားလှယ်ဖြစ်ရင် ဆက်ပြီးတော့ တိုက်ပွဲဝင်နေမှာဖြစ်ပါတယ်။ ပြီးတော့ အောင်ပွဲဟာခင်ဗျားအတွက်ဖြစ်တယ်ဆိုတာ အလွန်သေချာမှုနဲ့အတူ ဆက်ပြီးတော့ တိုက်နေမှာဖြစ်တယ်။ ဘယ်လောက်အံ့ဩစရာကောင်းတဲ့ကတိတော်ကို ဘုရားသခင်က ကျွန်တော်တို့ဆီ ပေးထားတာဖြစ်ပါသလဲ။ အောင်မြင်ခြင်းဆိုတာ တကမ္ဘာလုံးကို ဧဝံဂေလိတရားကလွှမ်းမိုးပြီး၊ တလောကလုံး ခရစ်ယာန်ဖြစ်လာမယ်လို့ပြောတာ မဟုတ်ပါဘူး။ ရီဖော့(မ်)ဩဝါဒက တကမ္ဘာလုံးကိုလွှမ်းမိုးပြီး၊ ခရစ်တော်ပြန်မလာခင် ပဒေသာပင်ခေတ်ကြီးကို ရောက်ရှိမယ်လို့ပြောတာမဟုတ်ပါဘူး။ အဲဒါအောင်မြင်ခြင်းမဟုတ်ဘူး၊ အောင်ပွဲလဲမဟုတ်ပါဘူး။ ဘုရားသခင်ရဲ့သားသမီးအတွက် အောင်ပွဲဆိုတာဟာ သခင်ယေရှုခရစ်တော်ရဲ့နေ့ရက်မှာ ဘုရားသခင်ရဲ့ရည်ရွယ်ချက်တွေ ပြည့်ဝစွာအကောင်အထည်ပေါ်မယ်ဆိုတာကို မျှော်လင့်ခြင်းဖြစ်ပါတယ်။ ဒီနေ့ချိန် သခင်ဘုရားဟာ ရှုံးနေတယ်လို့ထင်ရတာကိုယ်၌က အောင်ပွဲဖြစ်ပါတယ်။ လက်ဝါးကပ်တိုင်ပေါ်မှာလိုပေ့ါ၊ ဒီအတိုင်းကြည့်ရင် လက်ဝါးကပ်တိုင်ပေါ်မှာသေချိန်မှာ သူရှုံးပြီလို့ထင်ရတယ်၊ ဒါပေမဲ့ အဲဒီလက်ဝါးကပ်တိုင်နဲ့ဘဲ မှောင်မိုက်ရဲ့တန်ခိုးစွမ်းအားမှန်သမျှကို သခင်ခရစ်တော် အောင်နိုင်ခဲ့တာဖြစ်ပါတယ်။

စတုတ္ထအနေနဲ့၊ ခင်ဗျား ဧဖက်၆း၁၀-၁၇မှာပါတဲ့ ပေါလုပြောတဲ့ တန်ခိုးရှိလှတဲ့နိမိတ်ပုံကို ဖတ်ကြည့်ရင်၊ ခရစ်ယာန်စစ်သည်တယောက်ရဲ့ပုံသဏ္ဍာန်ကိုတွေ့ရမှာဖြစ်တယ်။ ပြီးတော့ ဘုရားသခင်ရဲ့ အမြဲတမ်းအသင့်ဖြစ်ကြပါဆိုတဲ့ အမိန့်တော်ကိုလဲ တွေ့ရမှာဖြစ်တယ်။ ခင်ဗျားသေချာစွာထပ်ဖတ်ကြည့်ရင် ခုခံဖို့နဲ့တိုက်ခိုက်ဖို့ လက်နက်မျိုးစုံရှိကြောင်း၊ အဲဒီလက်နက်တွေအားလုံးဟာ တနည်းမဟုတ်တနည်းနဲ့ ဘုရားသခင့်နှုတ်ကပတ်တော်ကျမ်းစာကို ရည်ညွှန်းနေကြောင်း တွေ့လာမှာဖြစ်တယ်။ ကျွန်တော်တို့ သေနတ်တွေ၊ ကျည်ဆံတွေနဲ့ စစ်မတိုက်ကြပါဘူး၊ ဖရန်စစ်ရှေဖာက၊ သူရေးတဲ့ ခရစ်ယာန်တို့၏ကြေညာစာတမ်းမှာပြောသလို၊ တောင်တန်းတွေကိုပြေး၊ ပျောက်ကြားစနစ်တိုက်ပွဲဝင်သူတွေမွေး၊ လေ့ကျင့် အုပ်စုတွေဖွဲ့ အစိုးရတွေကိုတိုက်ခိုက်ခြေမှုန်း၊ ခရစ်ယာန်ဥပဒေတွေနဲ့တိုင်းပြည်ကိုအုပ်ချုပ် အဲဒီပုံစံနဲ့ လုံးဝမတိုက်ပါဘူး။ အဲဒီလိုတိုက်ပွဲဝင်ခြင်းဟာ ရှုံးမှာဖြစ်တယ်၊ နလံမထူနိုင်အောင် ရှုံးဖို့ လမ်းကြောင်းဖြစ်တယ်။ ကျွန်တော်တို့ဟာ ဘုရားသခင့်နှုတ်ကပတ်တော်နဲ့ တိုက်ပွဲဝင်တာဖြစ်တယ်။ ကျမ်းစာဟာ ကျွန်တော်တို့ လက်နက်ဖြစ်တယ်။ တခုတည်းသောလက်နက်ဖြစ်တယ်။ ဒါပေမဲ့ လုံလောက်သောလက်နက်လဲဖြစ်တယ်။ ဘာလို့လဲဆိုတော့ ဘုရားသခင်ဟာ တရားဟောပြောခြင်းမိုက်မဲမှုအားဖြင့် သူ့အသင်းတော်နဲ့ အသင်းသူ/သားအယောက်ဆီတိုင်းကို စုစည်း၊ ကာကွယ်၊ စောင့်ရှောက်ထိန်းသိမ်းဖို့ အလိုတော်ရှိလို့ပါဘဲ။ နှုတ်ကပတ်တော်တခုတည်းနဲ့ဘဲ။ ဒါကြောင့် အဲဒါကို ခင်ဗျားလက်နက်အဖြစ်သုံးပါ။

ရှင်ပေါလုပြောနေတာက၊ ကယ်တင်ခြင်းသံခမောက်၊ ဝိညာဉ်တော်ဓါး၊ ဖြောင့်မတ်ခြင်းရင်အုပ်ကာ၊ ငြိမ်းချမ်းခြင်းဧဝံဂေလိခြေစွပ်၊ ယုံကြည်ခြင်းဒိုင်းလွှား စတာတွေကို ဆင်ယင်ထားတဲ့ ခရစ်ယာန်စစ်သူရဲကောင်းဟာ တိုက်ပွဲအလယ်မှာ ဘယ်တော့မှမရှုံးဘူးဆိုတာကိုပါ။ သူ့ကို ဘယ်သူကမှ မနိုင်နိုင်ဘူး။ သူ့ကို အတော်ပင်ပန်းနွမ်းနယ်ကြောင်းတွေ့ရင်တွေ့ရပါမယ်၊ ပင်ပန်းတာမှ ရိုးတွင်းချင်ဆီထိအောင်ပင်ပန်းတာ ဖြစ်ကောင်းဖြစ်မယ်၊ သူ့ဓါးကျိုးတာ၊ သံခမောက် ပေါက်ပြဲသွားတာ ဖြစ်ကောင်းဖြစ်မယ်၊ ဒဏ်ရာတွေ ဗရပွနဲ့ သွေးတွေဟာ ခေါင်းကနေခြေအဆုံး စီးကျနေတာဖြစ်ကောင်းဖြစ်မယ်၊ တကိုယ်လုံး သွေးအလိမ်းလိမ်း ဖြစ်နေကောင်းဖြစ်နေမယ်၊ ဒါပေမဲ့ တိုက်ပွဲလဲပြီးရော၊ သူဟာ ဖြောင့်မတ်ခြင်းဝတ်ရုံနဲ့ အောင်မြင်ခြင်းစွံပလွန်သစ်ခက်တွေကို သူ့လက်နက်နဲ့ လဲယူဖို့ အသင့်ရှိနေကြောင်း ခင်ဗျားတွေ့ပါလိမ့်မယ်၊ တိုက်ပွဲရဲ့အလယ်မှာ သူဟာ ဘုရားသခင်ရဲ့အမှုတော်အတွက်နဲ့ ဘုရားသခင်ရဲ့အမှန်တရားအတွက် ရပ်နေမြဲရပ်နေဆဲဘဲဆိုတာ တွေ့ရမှာဖြစ်တယ်။

ဘုရားသခင်ရဲ့ပဋိညာဉ်မှာ ပါတယ်ဆိုတာ တိုက်ပွဲဝင်တာဘဲဖြစ်တယ်။ ခင်ဗျားကို တိုက်ပွဲအတွက် ဆင့်ခေါ်တာဖြစ်တယ်။ ဘုရားသခင်ရဲ့အမှန်တရားတွေကို ဆန့်ကျင်တိုက်လှန်ကြတဲ့အဖွဲ့တွေအားလုံးကို တိုက်ပွဲဝင်ဖို့ ဆင့်ခေါ်တာဖြစ်တယ်။ ဘုရားသခင့်သန့်ရှင်းတော်မူခြင်းကိုဆန့်ကျင်သမျှ ဆိုးညစ်ခြင်းတွေကို တိုက်လှန်ဖို့ဖြစ်တယ်။ အဲဒါကို ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းလို့ခေါ်တယ်။

**ဧည့်သည်ဖြစ်ခြင်း၊ သူစိမ်းဖြစ်ခြင်း** (Pilgrims and Strangers)

ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းဆိုတာကို ရှင်းနေဖို့အတွက် ကျမ်းစာကသုံးတဲ့ ဒုတိယ နိမိတ်ပုံကတော့၊ ဧည့်သည်ဖြစ်ခြင်း၊ သူစိမ်းဖြစ်ခြင်း ဖြစ်ပါတယ်။ ရှင်ပေတရုက သူ့ပထမစာဆောင်မှာ အဲဒါကို ပြောပါတယ်။

ရှင်ပေတရုဩဝါဒစာပထမဆောင် တခုလုံးက ပြောနေတာကတော့၊ ဘုရားသခင်ရဲ့သားသမီးတယောက်ဟာ ဧည့်သည်တယောက်၊ သူစိမ်းတယောက်အသက်တာမှာ ဘယ်လိုအသက်ရှင်ရမယ် ဆိုတဲ့အကြောင်းဖြစ်တယ်။ ရှင်ပေတရုဩဝါဒစာကို ဖတ်ကြည့်ပါ၊ အခန်းကြီးအခန်းငယ်တွေကို ဂရုစိုက်မနေနဲ့၊ အစအဆုံးဖတ်ပါ၊ ခေါင်းထဲမှာဒီလိုတွေးပြီးဖတ်ပါ၊ “ငါဟာ ရှေးယုံကြည်ခြင်းဖခင်ကြီးတွေလိုဘဲ ဒီကမ္ဘာပေါ်မှာ သူစိမ်းဖြစ်တယ်၊ ဒီကမ္ဘာပေါ်မှာ သူစိမ်းတယောက်လို ဘယ်လိုနေထိုင်ရမလဲဆိုတာသိဖို့ ဘုရားသခင်က လမ်းညွှန်စာအုပ်ပေးထားတယ်။”

ဓမ္မဟောင်းကျမ်းစာမှာ ဧည်သည်ဖြစ်ခြင်းအကြောင်းကိုဖေါ်ပြတဲ့ နိမိတ်ပုံဆောင်ချက်တွေ ရှိပါတယ်။ ဟေဗြဲ ၁၁း၁၃-၁၆ မှာတွေ့ရတယ်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ် တို့တွေဖြစ်တယ်။ သူတို့ကို ခါလဒဲပြည်၊ ဥရမြို့ကနေ ခါနန်ပြည်မှာ လှည့်လည်သွားလာဖို့ ခေါ်လာတာဖြစ်တယ်။ အဲဒီအချိန် ခါနန်ပြည်မှာ လူအများကြီးရှိနေပါတယ်၊ ဒါ့ကြောင့် ခါနန်ပြည်ရောက်ကြတဲ့အခါမှာ အာဗြဟံတို့ဟာ ကိုယ်ပိုင်

မြေဆိုလို့ ခြေတဖဝါးဆာတောင် မပိုင်ကြပါဘူး။ သူတို့ဟာ တကယ့်ကို သူစိမ်းနယ်ထဲမှာ သူစိမ်းတွေဖြစ်ခဲ့ကြပါတယ်။ အဲဒီယုံကြည်ခြင်းဖခင်ကြီးတွေရဲ့ဘဝအကြောင်းကို အခုပြောတဲ့ကျမ်းပိုဒ်မှာ ဘုရားသခင်က လှပတဲ့စကားလုံးတွေနဲ့ ခြုံငုံပြီးအတိုချုပ်ပြောပြပါတယ်၊ ကျွန်တော်တို့ နှလုံးသားကနေ အမြဲမှတ်မိအောင်ပေါ့၊ “ယ္ခုဆိုခဲ့ပြီးသူအပေါင်းတို့သည်၊ ကတိတော်နှင့်စပ်ဆိုင်သောအကျိုးကျေးဇူးကို မခံရဘဲ၊ အဝေးကမျှော်မြင်လျှက်၊ စိတ်နှလုံးနှင့်ဘက်ယမ်းလျှက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းသူ တနိုင်ငံသား ဧည့်သည်အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျှက်၊ ယုံကြည်ခြင်းစိတ်နှင့် သေလွန်ကြ၏။”နောက်ဆက်ပြောပါတယ်၊ “ထိုသူတို့သည် အထက်ကထွက်သွားသောပြည်(ဥရမြို့၊ ခါလဒဲပြည်)ကို အောက်မေ့သည်မှန်လျှင်၊ ထိုပြည်သို့ ပြန်ရသောအခွင့်ရှိကြ၏။” သူစိမ်းတယောက်အနေနဲ့အသက်ရှင်ရတာ ပျော်စရာ သိပ်မကောင်းပါဘူး။ ရန်သူအပေါင်း၊ ကိုယ်နဲ့စိတ်သဘောထားမတူသူအပေါင်းရဲ့ ဝန်ရံခြင်းခံနေရတဲ့အဖြစ်ဟာ အန္တရယ်များလှပါတယ်။

ဒါ့အပြင် ကတိထားပေးတဲ့တိုင်ပြည်က သဲကန္တာရကြီးဖြစ်တယ်။ ဘုရားသခင်ကပြောတယ်၊ “ငါ မင်းကို ဒီတိုင်းပြည်ကို ကတိတော်အဖြစ်ပေးတယ်၊” အာဗြဟံက ပတ်လည်လှည့်ကြည့်ပြီး၊ “ဘယ်လိုအရှုးကများ ဒီလိုနေရာကိုကြိုက်ပါ့မလဲ”လို့ ပြောမိမတတ်ကို မသာယာပါဘူး။ (၂)ကြိမ်တိတိ အငတ်ဘေးရောက်လို့ တခြားတိုင်းပြည်ကို ထွက်ပြေးရတယ်။ ဣဇက်လဲ ဒီလိုဘဲ အငတ်ဘေးကျလို့ တိုင်းပြည်က ထွက်ပြေးရတယ်။ ယာကုပ်လဲဒီအတိုင်းဘဲ၊ ငတ်မွတ်ခေါင်းပါးခြင်းဘေးရောက်လို့ တခြားတိုင်ပြည်ပြေးရတယ်။ သဲကန္တာရကြီး၊ အဲဒါကို ဘုရားသခင်က “ငါပေးသောကတိတော်မြေ”လို့ပြောတာဖြစ်တယ်။ ဒါပေမဲ့ ကျေးဇူးတော်ရဲ့အံ့သြဖွယ်ကြောင့် အဲဒီသဲကန္တာရကြီးဟာ ယုံကြည်ခြင်းဖခင်တွေ သေဆုံးကြပြီး၊ သူတို့မျိုးနွယ်ဆက် အစ္စရေးလူတို့ကို ဘုရားသခင်က ခါနန်ပြည်ပြန်ခေါ်လာတဲ့ကြားထဲမှာ နို့နဲ့ပျားရည်စီးဆင်းရာမြေဖြစ်လာပါတယ်။ စပျစ်တခိုင်ကို လူနှစ်ယောက်က ထမ်းထုတ်ရတဲ့အထိ ဖြစ်လာပါတယ်။

ဒါပေမဲ့ ယုံကြည်ခြင်းဖခင်ကြီးတွေ ရှာနေတာက ခါနန်ပြည်မဟုတ်ပါဘူး။ အဲဒါထက်ကောင်းတဲ့တိုင်းပြည်ကိုဖြစ်တယ်။ အဲဒါကတော့ ကောင်းကင်နိုင်ငံတော်ဖြစ်တယ်။ ဒါ့ကြောင့် သူတို့ဟာ ဧည့်သည်အာဂန္တုများအနေနဲ့ အေးဆေးစွာနေနိုင်ခဲ့ကြတယ်။ ဘာလို့လဲဆိုတော့ ဒါဟာ သူတို့ရဲ့ တကယ့်အိမ် မဟုတ်ဘူးဆိုတာ သိနေလို့ဘဲ။ ဘုရားသခင်ဟာ သူတို့နဲ့သူတို့မျိုးနွယ်ဆက်တွေကို ခါနန်ပြည်ကို ပိုကောင်းတဲ့တိုင်းပြည်ကိုပုံဆောင်တဲ့ နိမိတ်ပုံအဖြစ်ဘဲ ကတိပေးထားတာလို့ သိနေကြပါတယ်။ ဒါ့ကြောင့် သူတို့ဟာ ပိုကောင်းတဲ့တိုင်းပြည်ကိုဘဲ ရှာဖွေကြပါတယ်၊ အဲဒါကတော့ ကောင်းကင်နိုင်ငံတော်ပါဘဲ။ “ထို့ကြောင့် ဘုရားသခင်သည် သူတို့၏ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကို ရှက်တော်မမူ” (ဟေ ၁၁း၁၆)။

ခင်ဗျားတွေးကြည့်ပါ၊ ဘုရားသခင်က “ငါဟာ မင်းရဲ့ဘုရားလို့ အခေါ်ခံရတာ မရှက်ဘူး၊ တလောကလုံးက ငါဟာ မင်းရဲ့ဘုရားသခင်ဖြစ်တယ်လို့ သိစေချင်လိုက်တာ”လို့ ခင်ဗျားနဲ့ကျွန်တော့်ဆီမှာ ပြောတာထက် ပိုပြီး၊ ကောင်းချီးခံစားရတာ ရှိနိုင်ပါဦးမလား? ဆိုးညစ်တဲ့ ကျွန်တော်တို့တွေ၊ ဘုရားသခင်အတွက် မကြာခဏ ရှက်တတ်သူတွေ၊ ဘုရားသခင်ရဲ့ ပဋိညာဉ်လမ်းပေါ်မှာ မှန်ကန်စွာနေဖို့ မနဲကြိုးစားရသူတွေ၊ မကြာခဏ ပဋိညာဉ်အပေါ် သစ္စာမရှိကြသူတွေ၊ အဲဒီလိုဖြစ်နေတဲ့ ကျွန်တော်တို့ဆီမှာ အဲဒီလို သေချာစိတ်ချရမှုကို ပေးတော်မူတာဖြစ်တယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့ရဲ့ဘုရားလို့ အခေါ်ခံရတာ ရှက်တော်မမူပါဘူး။ ကြီးမြတ်လှတဲ့ ကောင်းချီးမင်္ဂလာဖြစ်တယ်။ အံ့သြစရာကောင်းလှပါတယ်။ ကောင်းကင်နဲ့မြေကြီးရဲ့အရှင်၊ အရာခပ်သိမ်းကိုဖန်ဆင်းတော်မူတဲ့အရှင်က ကျွန်တော်တို့ဘုရားလို့ အခေါ်ခံရတာ မရှက်ဘူး။ မရှက်တာတင်မကပါဘူး၊ ကျွန်တော်တို့ကို သူ့သားသမီးများလို့ ထပ်ခေါ်ပါသေးတယ်။ အဲဒီလိုခေါ်ရတာကို အတော်နှစ်သက်တော်မူတယ်။

ကဲအဲဒါကိုထားလိုက်တော့မယ်၊ ခမ္မဟောင်းကာလက ရုပ်ပုံကားချပ်တွေပေါ့။ ရှင်ပေတရုက ဆက်ပြောနေပါတယ်၊ “ခင်ဗျားတို့ဟာ ခမ္မသစ်ခေတ်မှာရှိနေကြတာဖြစ်တယ်။” ခင်ဗျား ပေတရုရဲ့ ဩဝါဒစာဆောင်တွေကိုဖတ်ရင် “ဧည့်သည်အာဂန္တုအဖြစ်အသက်ရှင်တယ်ဆိုတာ၊ ကမ္ဘာလောကကြီးကနေ အဝေးနိုင်ဆုံးဝေးအောင် ထွက်ပြေးရတာမဟုတ်ဘူး၊ လက်တွေ့ဘဝကြီးကနေထွက်ပြေးပြီး၊ မှောင်မဲ၊ ခြောက်ကပ်၊ အောက်သိုးသိုးနံ့တွေထွက်နေတဲ့ ဘုန်းတော်ကြီးကျောင်းထဲမှာ ဧကစာရီကျင့်ပြီး၊ ကျောက်သားကုတင်ပေါ်လဲလျှောင်းပြီး၊ သန့်ရှင်းသောအသက်တာရဖို့ဆိုပြီး မိမိကိုယ်ကို ကျာပွတ်နဲ့ ရိုက်တာမျိုး မဟုတ်ဘူး (ရိုမင်ကက်သလစ်ဘုန်းတော်ကြီးကျောင်းတွေကိုဆိုလိုသည်)။” ပေတရုက ဧည့်သည်အာဂန္တု

ဟာ ဒီလောကကြီးထဲမှာဘဲ အသက်ရှင်နေပါတယ်လို့ ပြောပါတယ်။ သူတို့ကို ဘုရားသခင်ကပေးထားတဲ့ ဘဝပေးတာဝန်ကိုယ်၌က၊ လူတိုင်းကြားရအောင် ဒီလိုပြောဖို့ဖြစ်တယ်၊ "ကမ္ဘာကြီးကို ဘုရားသခင်က ပိုင်တယ်၊ မင်းဆို့လို လူဆိုးတွေက ဘာပြောပြော၊ ဘာလုပ်လုပ်၊ ဒီကမ္ဘာကြီးကို ငါတို့ဘုရားသခင်ကဘဲ ပိုင်တာကွ သိလား။" ကျွန်တော်တို့ အဲဒါကို အရမ်းအဓိကထားပါတယ်။ အဲဒီလို ကျွန်တော်တို့ကပြောလို့ လောကသားတွေက လှောင်ပြောင်ပြီး "ဘာကွ၊ မင်းဘာတွေလာပြီးပေါက်ကရပြောနေတာလဲ၊ ငါတို့ လက်ထဲမှာ တကမ္ဘာလုံးရှိတယ်၊ ဒါ့ကြောင့်မင်းကို ငါတို့ပိုင်တဲ့ ကမ္ဘာကြီးမှာ နေစရာကိုမရှိရလေအောင် လုပ်ပစ်မယ်၊ ဒီကမ္ဘာကြီးကနေ မင်းထွက်သွားရအောင်လုပ်ပစ်မယ်၊"လို့ ပြောနေရင်လဲ၊ ဘုရားသခင်ရဲ့ သားသမီးကတော့ ဒီလိုဆက်ပြောနေမှာဘဲ "မင်းတို့ဘာပြောပြော၊ ဒီကမ္ဘာကြီးကို ဘုရားသခင်ကသာ ပိုင်တယ်၊ ဘုရားသခင်က သူ့ရဲ့လျှို့ဝှက်ချက်တွေအားလုံးကို ငါတို့ထံမှာပြောပြတယ်၊ ဒီကမ္ဘာကြီးကို ငါတို့ ပိုင်အဖြစ်ပေးဖို့ဟာ သူ့ရည်ရွယ်ချက်ဘဲ၊ ပြီးတော့ အဲဒီရည်ရွယ်ချက်ဟာ သခင်ယေရှုခရစ်တော် ပြန်လာတဲ့ အချိန်ကျရင် ပြီးပြည့်စုံမှာဖြစ်တယ်။"

ဒါ့ကြောင့် ပေတရုက ဒီလောကကြီးမှာ ဧည့်သည်အာဂန္တုများအဖြစ် သွားလာအသက်ရှင်တယ်ဆိုတာ၊ ဘုရားသခင်က အမိန့်ပေးထားသလို၊ သန့်ရှင်းစွာနေထိုင်အသက်ရှင်ဖို့ဖြစ်တယ်၊ "သင်တို့ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းတော်မူ၏"လို့ပြောပါတယ်။ "မင်းဟာ ဒီကမ္ဘာရဲ့နိုင်ငံတခုက နိုင်ငံသားဖြစ်တယ်၊ ဒါ့ကြောင့် မင်းအပေါ်မှာ အစိုးရတဲ့အာဏာရှိသူတွေကို ရိုသေလေးစားပါ၊ ဒီနိုင်ငံရဲ့ အကောင်းမြတ်ဆုံးနိုင်ငံသားဖြစ်အောင်နေပါ၊ ဘုရားသခင်ကိုထောက်ထားပြီး၊ အစိုးရအာဏာပိုင်တွေကို ရိုသေလိုက်နာပါ"လို့ ပေတရုက ပြောနေပါတယ်။ ပေတရုဆက်ပြောတာကတော့၊ ခင်ဗျားဟာ ခရီးသွား ဧည့်သည်အာဂန္တုဖြစ်ပေမဲ့၊ တကိုယ်တည်းအဖြစ် သက်သက်မဲ့မနေရဘူး။ ခင်ဗျားအိမ်ထောင်ပြုရမယ်၊ မိသားစုတည်ထောင်ရမယ်။ ဒါပေမဲ့ အဲဒီလို အိမ်ထောင်ပြု အိမ်ထောင်တည်ဆောက်ရင်လည်း ခင်ဗျားနဲ့ ခင်ဗျားအိမ်ထောင်ဟာ ကောင်းကင်နိုင်ငံတော်သားမိသားစု၊ ဘုရားသခင့်ပဋိညာဉ်အဖွဲ့ဝင်ဖြစ်တယ်ဆိုတာကို သိလျှက်အသက်ရှင်ကြရမှာဖြစ်တယ်။ အဲဒါကိုအခန်းကြီး(၃)မှာဘယ်လိုလက်တွေ့ဖေါ်ဆောင်ရမယ့်အကြောင်း ပေတရုက ပြောပြပါတယ်။

ပေတရုက "ခင်ဗျားအလုပ်ရှိရမယ်၊ ပျင်းမနေရဘူး၊ ထိုင်းမှိုင်းမနေရဘူး၊ ခင်ဗျားရဲ့အလုပ်ရှင်က မယုံကြည်သူဖြစ်ရင်တောင် ကောင်းကောင်းလုပ်ပါ၊ ခင်ဗျားအလုပ်လုပ်ရင် အလုပ်ရှင်ကို လေးစားပါ၊ ဘုရားသခင်အတွက်ဆိုတဲ့အမြင်နဲ့ပြုမူပါ၊ ခင်ဗျားကို အလုပ်ရှင်က လုပ်ခလျှော့ပေးရင်၊ အလုပ်သမားယူနီယံကိုဝင်ပြီး၊ သပိတ်မှောက်တယ်၊ ရထိုက်တာကို အကြမ်းနည်းနဲ့တောင်းမယ်၊ ဆိုတာမျိုး လုံးဝမတွေးပါနဲ့၊ ခရစ်ယာန်ဟာ အဲဒီလိုမလုပ်ပါဘူး၊ ခရစ်တော်အတွက် သီးခံလိုက်ပါတယ်၊ အလုပ်ရှင်က သူ့အပေါ် ရက်စက်ရင်တောင်၊ ပြန်မလုပ်ပါဘူး"လို့ ပြောပြနေပါတယ်။

အဆုံးစွန်အနေနဲ့၊ ယုံကြည်သူတယောက်ဟာ ဒီလောကထဲမှာ သူစိမ်းခရီးသွားတယောက်အနေနဲ့ အသက်ရှင်မယ်ဆိုရင်၊ သူဟာ အခက်အခဲတွေကို မုချ ခံစားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပေတရုက အဲဒီလို အခက်အခဲတွေခံစားကြရတဲ့အခါမှာ ယုံကြည်သူတွေ ဘယ်လိုဖြေရှင်းကိုင်တွယ်အသက်ရှင်ရမယ်ဆိုတာကို ဖေါ်ပြခြင်းတမျိုး၊ အနက်ဖွင့်ခြင်းတဖုံ ပုံစံအမျိုးမျိုးနဲ့ ပြောပြနေတာဖြစ်ပါတယ်။ ခရီးသွား ဧည့်သည်အာဂန္တုအနေနဲ့ အသက်ရှင်ရတာ ခက်ခဲတဲ့အသက်ရှင်မှုဖြစ်သလို၊ သူတပါးရဲ့နှောက်ရှက်ညှင်းဆဲမှုတွေနဲ့လဲ ပြည့်နေတဲ့ဘဝဖြစ်တယ်။ ဒီလိုဘဲ ဘုရားသခင်ရဲ့အလိုတော်ကလဲ သူ့အတွက် ဖြစ်နေပါတယ်။ ဖတ်ကြည့်ပါ။ သူဟာ သူ့ရဲ့ထာဝရခရီးကိုသွားနေတာ၊ သူ့အဘအိမ်တော်ကို သွားနေတာ။ ဂျွန်ဘန်ယန်ရေးသလို၊ ဝိညာဉ်ရေးရာမြို့တော်ကို ချီတက်နေတာဖြစ်တယ်။ ဒီလောကနဲ့ သူမကိုက်ဘူး ဖြစ်နေတယ်။ သူဟာ လူ့ဂွစာဖြစ်နေတယ်။ သူဟာ အရမ်း သူစိမ်းဆန်တယ်၊ ဘယ်သူနဲ့မှမတူဘူး၊ လောကသားတွေရဲ့အမြင်မှာ သူလုပ်တာကိုင်တာတွေက တမျိုးကြီးဖြစ်နေတယ်။ ဒါ့ကြောင့် ဒီလောကကြီးက သူ့ကို တခုခုတော့မှားနေတဲ့လူလို့ခေါ်ကြတယ်။

ပေတရုကပြောတယ် "ခင်ဗျားအသက်ရှင်ပုံဟာ ထူးခြားလှတဲ့အတွက်၊ လောကကြီးက ဂရုပြုမိယုံမကဘူး။ 'ဘာဖြစ်လို့ ခင်ဗျားဟာ ကျွန်တော်တို့နဲ့ နေထိုင်ပုံမတူရတာလဲ'လို့ ခင်ဗျားကို မေးလာကြလိမ့်မယ်"(၁ပေ ၃း၁၅)။ ဒီလိုနဲ့ အဆုံးသတ်မှာအောင်မြင်ခြင်းဟာ ကျွန်တော်တို့အတွက် ဖြစ်လာပါတယ်။